SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရလူ့အခွင့်အရေးချိုးဖေါက်မှုထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၉ ရက်

## ကျောက်မဲမြို့တွင် စစ်ကောင်စီ၏ ထိခိုက်သေဆုံးမှုများဖြစ်စေနိုင်သော လေကြောင်းနှင့် မြေပြင်တိုက် ခိုက် မှု များကြောင့် ပြည်သူ ၈,၆၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်နေရ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှ ၃၀ ရက်အတွင်း ကျောက်မဲမြို့နယ်၌ စစ်ကောင်စီ၏ လေကြောင်းနှင့် မြေပြင်မှ ထိခိုက်သေဆုံးစေနိုင်သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၂၉ ဦးသေဆုံးကာ အများစုမှာ ဘုန်းကြီးကျောင်းများတွင် ဖြစ်ပြီး ၆၆ ဦး ဒဏ်ရာရရှိခဲ့ရာ အရပ်သားပြည်သူ ၈,၆၀၀ ကျော် မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

လေကြောင်းနှင့် လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုများမှာ ကျောက်မဲမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ အကွာရှိ နောင်ပိန်ကျေးရွာအုပ်စုကို အဓိက ပစ်မှတ်ထားခဲ့သည်။ ထိုနေရာတွင် နောင်ချိုမှ ချီတက်လာသော စစ်ကောင်စီတပ်များက မူဆယ်-မန္တလေး ကားလမ်းမပေါ်မှ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကို ရှင်းလင်းဖယ်ရှားရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။ ဗုံးများနှင့် လက်နက်ကြီးကျည်များသည် နောင်ပိန်ကျေးရွာအုပ်စုကို ဖြတ်သန်းသွားသည့် တရုတ်နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအနီး အန္တရာယ်ရှိလောက်အောင် ကျရောက်ပေါက်ကွဲခဲ့သည်။

ဩဂုတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ဂုတ်ထိပ်တံတားရှိ စစ်ကောင်စီတပ်များက နောင်ပိန်နှင့် အနီးတဝိုက်ကျေးရွာများသို့ လက်နက်ကြီးကျည်များနှင့် ဒရုန်းဗုံးများဖြင့် အဆက်မပြတ် ပစ်ခတ်ခဲ့ပြီး ဩဂုတ်လ ၁၉ ရက်နေ့တွင် စစ်ကောင်စီတပ်သား ၇၀၀ ခန့်သည် (နောင်ပိန်၏ အရှေ့တောင်ဘက် လေးကီလိုမီတာအကွာ) ထန်းတပင်ကျေးရွာသို့ ဝင်ရောက်လာခဲ့သည်။

ဩဂုတ်လ ၂၀ ရက်နေ့တွင် စစ်ကောင်စီက နောင်ပိန်ဒေသသို့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ နံနက် ၁၀:၃၀ နာရီတွင် တိုက်လေယာဉ်တစ်စင်းက အနီးအနားကျေးရွာများမှ စစ်ဘေးရှောင် ၃၀၀ ခန့် ခိုလှုံနေသည့် ပင်တီးဘုန်းကြီးကျောင်းပေါ်သို့ ပေါင် ၅၀၀ ဗုံးတစ်လုံး တိုက်ရိုက်ကျဲချခဲ့သည်။ ထိုဗုံးကြောင့် အရပ်သား ၁၁ ဦး သေဆုံးပြီးခဲ့ကာ ၁၀ ဦးမှာနေရာတွင်သေဆုံးခဲ့ပြီး တစ်ဦးမှာ စက်တင်ဘာ ၄ ရက်နေ့တွင် လားရှိုးဆေး ရုံ၌ သေဆုံးခဲ့ကာ  ၃၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူများကို လားရှိုးနှင့် ကွတ်ခိုင်မြို့များရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။ မကြာမီတွင် အနီးရှိ လုပ်ပါကျေးရွာပေါ်သို့ နောက်ထပ် ပေါင် ၅၀၀ ဗုံးတစ်လုံး ကျဲချခဲ့ရာ အရပ်သားနှစ်ဦး သေ ဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။




*၂၀၂၅ ခုနှစ်ဩဂုတ် ၂၀ ၊ ကျောက်မဲမြို့ ပင်တီးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒဏ်ရရသော စစ်ရှောင်ပြည်သူများ*

ကျောက်မဲမြို့နယ်အတွင်းရှိ လေကြောင်းတိုက်ခိုက်မှုများသည် ဘုန်းကြီးကျောင်းများကို တိုက်ရိုက်ပစ်မှတ် ထားကာ နောင်ပိန်ရှေ့တန်းစစ်မျက်နှာ တစ်ဝိုက်တွင်သာမက ကျောက်မဲနှင့် မိုင်းငေါ့မြို့များပေါ်သို့ပါ စက်တင်ဘာလ ၆ ရက်နေ့အထိ နေ့စဉ်ဆက်တိုက် ပြုလုပ်ခဲ့သည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့ မိုင်းငေါ့မြို့နယ်ခွဲ ကွန်းစလမ်းကျေးရွာဘုန်းကြီးကျောင်းအတွင်းသို့ ပေါင် ၅၀၀ ဖုံးနှစ်လုံး ကျဲချခဲ့ရာ ယောက်ျားလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး ရဟန်းနှစ်ပါး၊ ကိုရင်တစ်ပါးအပါအဝင် အခြားအရပ်သား ခုနစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့၊ အမှတ် ၇ ရပ်ကွက် အတွင်းသို့ ပေါင် ၂၅၀ ဖုံးနှစ်လုံး ကျဲချခဲ့ရာ ဝါဆိုကျောင်းတိုက်ရှိ ကိုရင်သုံးပါးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။

ဒေသခံကျေးရွာများရှိ နေအိမ်များသို့ ဝင်ရောက်လုယက်သည့် စစ်ကောင်စီတပ်များ၏ အနီးကပ်ပစ်ခတ်မှုကြောင့် အရပ်သားများလည်း သေဆုံးခဲ့ရသည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် နောင်ပိန်ကျေးရွာရှိ နေအိမ်တစ်လုံးကို လုယက်နေစဉ် စစ်ကောင်စီတပ်များက ထိုအိမ်တွင် တွေ့ရှိသည့် မိသားစုကို ပစ်ခတ်ခဲ့ရာ အသက် ၄၅ နှစ်အရွယ် ဖခင်ဖြစ်သူမှာ နေရာတွင်ပင် သေဆုံးပြီး ဇနီးနှင့် သမီးဖြစ်သူတို့ ဒဏ်ရာရရှိခဲ့သည်။ နောက်တစ်နေ့တွင် စစ်ကောင်စီတပ်များက ထန်းတပင်ကျေးရွာရှိ အခြားနေအိမ်တစ်လုံးတွင် ခိုလှုံနေသည့် စစ်ဘေးရှောင် ဇနီးမောင်နှံကို ပစ်သတ်ခဲ့သည်။

## ၂၀၂၅ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလအစောပိုင်းတွင် ကျောက်မဲမြို့နယ်၌ စစ်ကောင်စီ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာမှုများ



လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် နောင်ပိန်နှင့် အနီးတဝိုက်ကျေးရွာများမှ သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့် ကလေးသူငယ်အများစု ပါဝင်သော ကျေးရွာသား ၈,၀၀၀ ကျော်သည် ကျောက်မဲမြို့နယ်တောင်ပိုင်းရှိ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ထိန်းချုပ်နယ်မြေရှိ ကျေးရွာ ၄၀ ကျော်နှင့် အချို့မှာ သီပေါမြို့အရှေ့ မြောက်ဘက်ရှိကျေးရွာများသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။ စစ်ဘေးရှောင်အများစုသည် ကျေးရွာဘုန်းကြီး ကျောင်းများတွင် ခိုလှုံနေကြပြီး သောက်သုံးရေ၊ အစားအသောက်၊ ဆေးဝါးနှင့် အခြားအခြေခံလိုအပ်ချက်များ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။ နောင်ပိန်မှ ထွက်ပြေးလာသော ကျေးရွာသားများသည် ဩဂုတ်လ ပထမပတ်အတွင်း ရေကြီး မှုဒဏ်ကိုလည်း ခံစားခဲ့ကြရပြီး ဖြစ်သည်။

ဩဂုတ်လ ၉ ရက်မှ စက်တင်ဘာလ ၄ရက်နေ့အတွင်း ကျောက်မဲမြို့နယ်တိုက်ခိုက်မှုများအပြင် စစ်ကောင်စီသည် မိုးကုတ်မြို့ကို လေကြောင်းတိုက်ခိုက်မှု ငါးကြိမ်ပြုလုပ်ခဲ့ရာ အရပ်သား ၂၉ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကာ၊ သီပေါမြို့ကို လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ရာ မြို့အတွင်းတိုက်ခိုက်မှု၌ အရပ်သား သုံးဦး ဒဏ်ရာရရှိခဲ့ပြီး ဘော်ကြိုကျေးရွာကို လေကြောင်းတိုက်ခိုက်မှုတွင် အရပ်သား တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဘော်ကြိုကျေးရွာကို လေကြောင်းတိုက်ခိုက်မှုတွင် ဗုံးမှာ တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ၂၀၀ မီတာခန့်သာဝေး သောနေရာ ကို ကျရောက်ခဲ့ပြီး သမိုင်းဝင်ဘော်ကြိုဘုရားလဲထိခိုက်ခဲ့ကာ နေအိမ် ၃ လုံးပျက်စီးခဲ့သည်

**မိုးကုတ်၊ ကျောက်မဲနှင့် သီပေါမြို့နယ်များတွင် အရပ်သား ထိခိုက်သေဆုံး/ပျက်စီးမှုများ ဖြစ်စေခဲ့သည့် စစ်ကောင်စီ ၏ လေကြောင်း၊ လက်နက်ကြီးနှင့်ပစ်ခတ်တိုက်ခိုက်မှုများအချိန်မှတ်တမ်း(ဩဂုတ်လ ၉-၆ စက်တင်ဘာလ ၂၀၂၅)**

- **ဩဂုတ်လ ၉ ရက်၊ နံနက် ၈:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက မိုးကုတ်မြို့၊ ကျောက်နဂါးဘုန်းကြီးကျောင်းကို ပေါင် ၅၀၀ ဗုံး နှစ်လုံးကျဲချခဲ့ရာ ကိုရင်တစ်ပါးအပါအဝင် အရပ်သား ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရကာ ဘုန်းကြီးကျောင်းနှင့် နေအိမ်အများအပြား ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၁၃ ရက်၊ နံနက် ၁၀:၃၀ နာရီ** - စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုက ကျောက်မဲမြို့နယ်၊ ပန်ပေါင်း ကျေးရွာကို ဗုံးနှစ်လုံးကျဲချခဲ့ရာ နေအိမ် ဆယ်လုံး ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၁၄ ရက်၊ ည ၈:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက မိုးကုတ်မြို့အရှေ့ပိုင်း၊ ရွှေဂူရပ်ကွက်ရှိ လင်းရောင်ခြည်ဘုန်းကြီးကျောင်းကို ပေါင် ၅၀၀ ဗုံး နှစ်လုံးကျဲချခဲ့သည်။ ဗုံးကြောင့် ဘုန်းကြီးကျောင်းနှင့် နေအိမ် ဆယ်လုံး ပျက်စီးကာ မိသားစု ငါးစုမှ အရပ်သား ၂၁ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများတွင် အမျိုးသမီး ၁၆ ဦး (ကိုယ်ဝန်ဆောင် သုံးဦးနှင့် မိန်းကလေး သုံးဦးပါဝင်) နှင့် အမျိုးသား ၅ ဦး ပါဝင်သည်။ အခြားအရပ်သား ဆယ်ဦး ဒဏ်ရာရရှိခဲ့သည်။
- **ဩဂုတ်လ ၁၇ ရက်၊ နံနက် ၉ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက မိုးကုတ်မြို့အရှေ့ပိုင်းရှိ ပတ္တမြားငမောက်ဟိုတယ်နှင့် မြန်မာ့စီးပွားရေးဘဏ်ကို ပေါင် ၅၀၀ ဗုံး နှစ်လုံးကျဲချခဲ့ရာ ဟိုတယ်၊ ဘဏ်

နှင့် နေအိမ်အများအပြား ပျက်စီးခဲ့သည်။ ကလေးတစ်ဦးအပါအဝင် အရပ်သား သုံးဦးသေဆုံးပြီး အခြား တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

- **ဩဂုတ်လ ၁၈ ရက်၊ နံနက် ၉:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက သီပေါမြို့ကို ပေါင် ၅၀၀ ဗုံး နှစ်လုံးကျဲချခဲ့သည်။ တစ်လုံးမှာ တောင်မြို့ရပ်ကွက်နှင့် တစ်လုံးမှာ အနောက်ရပ်ကွက်ပေါ်သို့ ကျရောက် ခဲ့ပြီး အမျိုးသား သုံးဦး ဒဏ်ရာရကာ နေအိမ် ဆယ်လုံး ပျက်စီးခဲ့သည်။



*သီပေါမြို့ အနောက်ရပ်တွင် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုပျက်စီးမှုများ*

- **ဩဂုတ်လ ၁၈ ရက်၊ နံနက် ၉ နာရီ** - ဂုတ်ထိပ်တံတားမှ စစ်ကောင်စီတပ်များက ကျောက်မဲမြို့နယ်၊ နောင်ပိန်လုံကျေးရွာအုပ်စု၊ အမှတ် ၅ ရပ်ကွက်သို့ လက်နက်ကြီးကျည် ခြောက်လုံးပစ်ခတ်ပြီး ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ရာ အမျိုးသားတစ်ဦး သေဆုံး၊ ကိုရင်တစ်ပါး (အသက် ၆ နှစ်) ဒဏ်ရာရပြီး ဘုန်းကြီး ကျောင်း တစ်ကျောင်းနှင့် နေအိမ် ဆယ်လုံး ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၁၈ ရက်၊ ညနေ ၃ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက မိုးကုတ်မြို့၊ ကျပ်ပြင်ရပ်ကွက်ကို ဗုံးကျဲချခဲ့ရာ အမျိုးသားတစ်ဦး ဒဏ်ရာရပြီး နေအိမ်အများအပြား ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၁၈ ရက်၊ နေ့လယ်ပိုင်း** - နောင်ချိုမှ စစ်ကောင်စီတပ်များက ကျောက်မဲမြို့နယ်ရှိ နောင်ပိန်၊ လုံကျိန် (ကျောင်းကုန်း)ကျေးရွာများသို့ ဒရုန်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ နေအိမ် ဆယ်လုံး ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၁၉ ရက်၊ နေ့လယ် ၁ နာရီ** - နောင်ချိုမှ စစ်ကောင်စီတပ်များက ထန်တပင်ကျေးရွာသို့ လက်နက် ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသားတစ်ဦး သေဆုံး၊ ကိုရင်တစ်ပါး ဒဏ်ရာရပြီး နေအိမ် အများ အပြား ပျက်စီးခဲ့သည်။ ထို့နောက် တပ်များသည် ထန်တပင်ကျေးရွာမှတစ်ဆင့် ကျောက်မဲမြို့နယ်၊ နောင် ပိန် ကျေးရွာသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။

- **ဩဂုတ်လ ၂၀ ရက်၊ နံနက် ၁၀:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့နယ်၊ နောင်ပိန်ကျေးရွာအုပ်စုရှိ ပင်တီးကျေးရွာသို့ ပေါင် ၅၀၀ ဗုံးတစ်လုံး ကျဲချခဲ့သည်။ စုစုပေါင်းအရပ်သား ၁၁ ဦးသေဆုံးခဲ့ရာ အရပ်သား ဆယ်ဦး (သက်ကြီးရွယ်အို အမျိုးသမီး ခြောက်ဦး၊ မိန်းကလေး နှစ်ဦး၊ ယောကျ်ားလေး တစ်ဦးနှင့် သက်ကြီးရွယ်အို အမျိုးသား တစ်ဦး) မှာနေရာတွင် သေဆုံးပြီး သက်ကြီး အမျိုးသား ၁ ဦးမှာ စက်တင်ဘာလ ၄ ရက်နေ့တွင်လားရှိုးဆေးရုံ၌သေဆုံးခဲ့ကာ ၃၁ ဦး (အမျိုးသား ၁၅ ဦး နှင့် အမျိုးသမီး ၁၆ ဦး) ဒဏ်ရာရရှိခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၁ ဦးသေဆုံးပြီး ၃၁ ဦးဒဏ်ရာရရှိခဲ့မှု




- **မကြာမီတွင်** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက လုပ်ပါကျေးရွာသို့ နောက်ထပ် ပေါင် ၅၀၀ ဗုံးတစ်လုံး ကျဲချခဲ့ရာ မိန်းကလေးတစ်ဦးအပါအဝင် အရပ်သား နှစ်ဦးသေဆုံး၊ အခြားတစ်ဦး ဒဏ်ရာရပြီး နေအိမ်အများအပြား ပျက်စီးခဲ့သည်။

- **ထိုနေ့မှာပင်** - ဂုတ်ထိပ်တံတားနှင့် ထန်တပင်ကျေးရွာရှိ စစ်ကောင်စီတပ်များက ကျောက်မဲမြို့နယ်ရှိ ပန်မခေါ်(ဇီးပင်)၊ ပန်ပေါင်း၊ ပန်တိုင်း၊ ကျောင်းကုန်း၊ ဆေးနင်းနှင့် လွယ်ကုန်းကျေးရွာများအပြင် ကျောက်မဲမြို့ထဲသို့ပါ လက်နက်ကြီးနှင့် ဒရုန်းများဖြင့် ပစ်ခတ်ခဲ့သည်။ ကျောက်မဲမြို့ အမှတ် ၁ နှင့် အမှတ် ၂ ရပ်ကွက်ရှိ နေအိမ်အများအပြား မီးလောင် ပျက်စီးခဲ့သည်။

- **ဩဂုတ်လ ၂၁ ရက်၊ ည ၇ နာရီ** - စစ်ကောင်စီ Y-12 တိုက်လေယာဉ်တစ်စင်းက နောင်ပိန်ကျေးရွာနှင့် ကျောက်မဲမြို့ရှိ နာမ်မိန်းဘုန်းကြီးကျောင်းကို ဗုံး ၄၀လုံး ကျော် ကျဲချခဲ့သည်။ နေအိမ်အများအပြားနှင့် ဘုန်းကြီးကျောင်း ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၂၂ ရက်၊ ညနေ ၅ နာရီ** - စစ်ကောင်စီတပ်များက ကျောက်မဲမြို့၊ အမှတ် ၁၊ ၂ နှင့် ၄ ရပ်ကွက်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ နေအိမ် ငါးလုံး မီးလောင်ခဲ့သည်။ ထို့နောက် တိုက်လေယာဉ်တစ်စင်းရောက်လာပြီး ကျောက်မဲမြို့ထဲသို့ ဗုံး ၃၀ ကျဲချခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၂၃ ရက်၊ နံနက် ၉:၃၀ နာရီ** - ထန်တပင်ကျေးရွာမှ နောင်ပိန်ကျေးရွာသို့ ရောက်ရှိလာသော စစ်ကောင်စီတပ်များက အရပ်သားများ၏ နေအိမ်များကို လုယက်ပြီး နေအိမ်အတွင်းရှိ မိသားစုဝင် သုံးဦးကို ပစ်ခတ်ခဲ့ရာ အသက် ၄၅ နှစ်အရွယ် ဖခင်ဖြစ်သူ နေရာတွင်ပင် သေဆုံးပြီး ဇနီးနှင့် သမီးဖြစ်သူတို့ ဒဏ်ရာရရှိခဲ့သည်။
- **ဩဂုတ်လ ၂၃ ရက်၊ ညနေ ၃:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့နယ်၊ မိုင်းငေါ့ မြို့နယ်ခွဲရှိ ကွန်းစလမ်းကျေးရွာဘုန်းကြီးကျောင်းကို ပေါင် ၅၀၀ ဗုံး နှစ်လုံး ကျဲချခဲ့သည်။ ဗုံးကြောင့် ယောကျ်ားလေးတစ်ဦး (အသက် ၁၀ နှစ်) သေဆုံးပြီး ကိုရင်တစ်ပါး၊ ရဟန်းနှစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရကာ နေအိမ် ၁၂ လုံး၊ စာကြည့်တိုက် ၁ ခု၊ ဆေးခန်း ၁ ခု၊ ဘုန်းကြီးကျောင်း ၁ ကျောင်း၊ ဆွမ်းစားဆောင် ၁ ဆောင်နှင့် သိမ်ကျောင်း ၁ ခု ပျက်စီးခဲ့သည်။
- **ဩဂုတ်လ ၂၄ ရက်၊ နံနက်ပိုင်း** - စစ်ကောင်စီတပ်များက နောင်ပိန်ကျေးရွာကို လက်နက်ကြီးနှင့် ဒရုန်းဗုံးများဖြင့် ပစ်ခတ်ခဲ့သည်။ နောင်ပိန်ဈေးရှိ နေအိမ် ခုနစ်လုံးနှင့် ဆိုင် ရှစ်ဆိုင် မီးလောင်ခဲ့သည်။
- **ဩဂုတ်လ ၂၄ ရက်၊ နေ့လယ်ပိုင်း** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့နယ်၊ လုံကိန်ကျေးရွာကို ဗုံးကျဲချခဲ့ရာ အမျိုးသား နှစ်ဦးသေဆုံးပြီး နေအိမ် ၁၀ လုံး ပျက်စီးခဲ့သည်။
- **ထိုနေ့၊ နေ့လယ်ပိုင်းမှာပင်** - စစ်ကောင်စီတပ်များက ကျောက်မဲမြို့နယ်၊ ထန်တပင်ကျေးရွာရှိ နေအိမ်တစ်လုံးတွင် ခိုလှုံနေသည့် စစ်ဘေးရှောင် ဇနီးမောင်နှံ (ကိုဝင်းလွင်၊ အသက် ၄၀ နှစ် နှင့် မချော၊ အသက် ၃၇ နှစ်) ကို ပစ်သတ်ခဲ့သည်။
- **ဩဂုတ်လ ၂၅ ရက်၊ နံနက် ၁၁:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့၊ အမှတ် ၇ ရပ်ကွက်သို့ ပေါင် ၂၅၀ ဗုံး နှစ်လုံးကျဲချခဲ့ရာ ဝါဆိုကျောင်းတိုက်ရှိ ကိုရင် သုံးပါးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာ ရပြီး နေအိမ် ၂၂ လုံးကျော်၊ ဝါဆိုကျောင်းတိုက်ဝင်းအတွင်းရှိ အဆောက်အအုံ လေးလုံးနှင့် ကားနှစ်စီး ပျက်စီးခဲ့သည်။

- **ဩဂုတ်လ ၂၅ ရက်၊ ည ၁၁ နာရီ** - စစ်ကောင်စီလေယာဉ်တစ်စင်းက မိုးကုတ်မြို့၊ စည်ပင်သာ ယာရပ်ကွက် ကို ဗုံးကျဲချခဲ့ရာ အရပ်သားတစ်ဦး ဒဏ်ရာရပြီး နေအိမ်အများအပြားနှင့် စိန်တောင်ဘုရား ပျက်စီးခဲ့သည်။


- **ဩဂုတ်လ ၂၉ ရက် နေ့လည် ၂ နာရီ** - ဂုတ်ထိပ်တွင်တပ်စွဲထားသည့် စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်သဖြင့် နားအိုက်ခန့်ကျေးရွာအုပ်စု ခိုက်တုန်ဟုန်းကျေးရွာမှ ဦးစိုးမောင် သေဆုံးခဲ့သည်။

- **ဩဂုတ်လ ၂၉ ရက်၊ ည ၁၁:၃၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့နယ်၊ ပန်သပြေ ကျေးရွာကို ပေါင် ၂၅၀ ဗုံး လေးလုံးကျဲချခဲ့ရာ အရပ်သား သုံးဦး (မိန်းကလေး နှစ်ဦးနှင့် ယာအေးအသက် ၄၄နှစ်အမည်ရှိ သီလရှင် ၁ပါး) သေဆုံးပြီး အခြား ခြောက်ဦး (ရဟန်းနှစ်ပါး၊ ကိုရင် သုံးပါးနှင့် အမျိုးသားတစ်ဦး) ဒဏ်ရာရကာ နေအိမ် လေးလုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း ပျက်စီးခဲ့ သည်။

- **ဩဂုတ်လ ၃၀ ရက်၊ ည ၁၀ နာရီ** - စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့နယ်၊ လွယ်ခေါ် ကျေးရွာကို ဗုံးကျဲချခဲ့ရာ နေအိမ် ငါးလုံး ပျက်စီးခဲ့သည်။


- **စက်တင်ဘာလ ၃ ရက်နေ့၊ နေ့လယ် ၁:၃၀ နာရီ-** သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ တရုတ်ရေနံနှင့် သဘာ ဝဓာတ်ငွေ့ပိုက်လိုင်းမှ ၂၀၀မီတာခန့်သာဝေးသောနေရာကို စစ်ကောင်စီ တိုက်လေယာဉ်တစ် စင်း က ဗုံးနှစ်လုံးကြဲချခဲ့သဖြင့် အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး သမိုင်းဝင်ဘော်ကြိုဘုရားလဲ ထိခိုက်ခဲ့ ကာ နေအိမ် ၃ လုံးပျက်စီးခဲ့သည်

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် - သီပေါမြို့နယ်၊တရုတ်ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းရှိ ဘော်ကြိုကျေးရွာကို စစ်ကောင်စီက လေကြောင်းမှ တိုက်ခိုက်မှု



- **စက်တင်ဘာလ ၄ ရက်နေ့၊ နံနက် ၁၀:၃၀ နာရီ-** ကျောက်မဲမြို့နယ်၊ ပန်ကွမ်ကျေးရွာသို့ စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ပေါင် ၂၅၀ ရှိ ဗုံးနှစ်လုံး ကြဲချခဲ့ရာ အသက် ၁၄အရွယ်ကိုရင်တပါးဒဏ်ရာရပြီး ကျောင်းဝင်းအတွင်းရှိ စေတီအချို့ ပျက်စီးခဲ့သည်။
- **စက်တင်ဘာလ ၄ ရက်နေ့၊ နေ့လယ် ၁၂ နာရီ-** ကျောက်မဲမြို့နယ်၊ ပန်ကွမ်ကျေးရွာအုပ်စုရှိ ပန်သပြေ ကျေးရွာကို စစ်ကောင်စီတိုက်လေယာဉ်က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အသက် ၆၃ နှစ်အရွယ် အမျိုးသမီးကြီး တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၃ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်း ပျက်စီးခဲ့သည်။
- **စက်တင်ဘာ ၄ ရက်နေ့၊ ည ၉ နာရီကျော်-** ကျောက်မဲမြို့နယ်၊ခေးနင်းကျေးရွာအုပ်စု မက်မန်း ကုန်း ကော်ရွာကို စစ်ကောင်စီတပ်၏လက်နက်ကြီးထိမှန်ရာ အရပ်သား ဇနီးမောင်နှံနှစ်ဦး (လုံးဝါယမနှင့်ပါလှခင်) တို့သေဆုံးခဲ့သည်။
- **စက်တင်ဘာလ ၅ ရက်နေ့၊ နံနက်ပိုင်း-** စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းမှ ကျောက်မဲမြို့နယ်ရှိ ကောင်းမူး လျှန်ကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ် ၅ လုံး ပျက်စီးခဲ့သည်။ ထိုနေ့ ညနေ ၃ နာရီတွင်လည်း စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းသည် ဖီးတစ်ကျေးရွာထဲသို့ ဗုံးတစ်လုံး ကြဲချခဲ့ရာ အသက် (၅၆) နှစ်အရွယ် လုံးနန္ဒိယနှင့် အသက် (၅၄) နှစ်အရွယ် ပါလူ တို့ နှစ်ဦး သေဆုံးပြီး သံဃာတစ်ပါး နှင့်အမျိုးသားတစ်ဦးဒဏ်ရာရခဲ့ကာ နေအိမ်နှစ်လုံး ပျက်စီးခဲ့သည်။
- **စက်တင်ဘာလ ၆ ရက်နေ့၊ ည ၇ နာရီ-** ကျောက်မဲမြို့နယ်၊ ရပ်ကွက် ၇ အတွင်းသို့ စစ်ကောင်စီတိုက် လေယာဉ်ကက ဗုံးနှစ်လုံး ကြဲချခဲ့ရာ နေအိမ် ၅ လုံး ထိခိုက်ပျက်စီးခဲ့သည်။

မိုးကုတ်၊ ကျောက်မဲနှင့် သီပေါမြို့နယ်များတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့်
အရပ်သားများ ထိခိုက်သေဆုံး/ပျက်စီးမှုများ (ဩဂုတ် ၉-၃၀၊ ၂၀၂၅)




**မိုးကုတ်၊ ကျောက်မဲနှင့် သီပေါ မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီး ပစ်ခတ်မှုများနှင့် ပစ်ခတ်သတ်ဖြတ်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုစာရင်း (ဩဂုတ်လ ၉ရက် - စက်တင်ဘာ ၆၊ ၂၀၂၅ခုနှစ်)**

| စဉ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ် | ဖြစ်စဉ် | အရပ်သား သေဆုံးမှု | | အရပ်သား ဒဏ်ရာရမှု | | ပြည်သူပိုင် အဆောက်အအုံ၊ ပစ္စည်း ပျက်စီးမှု |
|---|---|---|---|---|---|---|---|---|
| | | | | အချက်အလက် | ဦးရေ | အချက်အလက် | ဦးရေ | |
| ၁ | ၉/၀၈/၂၅ | မိုးကုတ်မြို့ကျောက်နဂါးဘုန်းကြီးကျောင်း | နံနက် ၈:၃၀တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာလေ | ကိုရင် ၁ ပါး | ၅ | | ၁ | ဘုန်းကြီးကျောင်း ၁ ကျောင်းနှင့် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ယာဉ်ဖြင့် ပေါင် ၅၀၀ဖိုးနှစ်လုံးကြဲ | | | | | နေအိမ်အချို့ပျက်စီး |
| ၂ | ၁၃/၀၈/၂၅ | ကျောက်မဲမြို့နယ် ပန်ပေါင်းကျေးရွာ | နံနက် ၀:၃၀တွင် စစ်ကောင်စီသည် လေယာဉ်ဖြင့် ပေါင် ၅၀၀ ဖိုးနှစ်လုံးကြဲ | | | | | နေအိမ် ၃ လုံး ပျက်စီး |
| ၃ | ၁၄/၀၈/၂၅ | မိုးကုတ်မြို့ ရွှေကူရပ်ကွက် | ညနေ ၈:၃၀အချိန် ရွှေကူရပ်ကွက်တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ဖိုးနှစ်လုံးကြဲ | ကိုယ်ဝန်သည်မိခင် ၃ ဦး၊ မ ၃၊ သက်ကြီးပိုင်းအရွယ် မ ၁၀၊ ကျား ၅ | ၂၀ | | ၁၀ | နေအိမ် ၁၀ လုံးနှင့် ဘုန်းကြီးကျောင်း ၁ ကျောင်း ပျက်စီးဆုံးရှုံး |
| ၄ | ၁၇/၀၈/၂၅ | မိုးကုတ်မြို့ အရှေ့ပိုင်း၊ ပတ္တမြားငမောက်ဟိုတယ်နှင့် မြန်မာ့စီးပွားရေးဘဏ် | နံနက် ၉:၀၀ တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ဖိုးနှစ်လုံးကြဲ | ကျား ၃ | ၃ | ကျား ၁ | ၁ | ဘဏ် ၁ ခု၊ ဟိုတယ် ၁ လုံးနှင့် နေအိမ်အချို့ပျက်စီး |
| ၅ | ၁၈/၀၈/၂၅ | သီပေါမြို့ အနောက်ရပ်ကွက် | နံနက် ၉:၃၀တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ဖိုးနှစ်လုံးကြဲ | | | ကျား ၃ | ၃ | နေအိမ် ၉ လုံး ပျက်စီး |
| ၆ | ၁၈/၀၈/၂၅ | ရပ်ကွက်၅၊ နောင်ပိန်လုံကျေးရွာအုပ်စု၊ ကျောက်မဲမြို့ | နံနက် ၁၂:၀၀ တွင် စစ်ကောင်စီတပ်များသည် ဂုတ်ထိပ်တံတား၌ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး၊ | ကျား ၁ | 1 | ကိုရင် ၁ ပါး | 1 | ဘုန်းကြီးကျောင်း ၁ ကျောင်း၊ နေအိမ် ၁၀ လုံး ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ဒရုန်းလွှတ်ကာတိုက်ခိုက် | | | | | |
| ၇ | ၁၈/၀၈/၂၅ | မိုးကုတ်မြို့ကျပ်ပြင်ရပ်ကွက် | ညနေ ၃:၀၀ တွင် စစ်ကောင်စီသည် ဗုံး ၁ လုံးကြဲ | | | ကျား ၁ | ၁ | နေအိမ်အချို့ပျက်စီး |
| ၈ | ၁၈/၀၈/၂၅ | ကျောက်မဲမြို့နောင်ပိန်ကျေးရွာ၊လုံကျိန် (ကျောင်းကုန်း) ကျေးရွာ | စစ်ကောင်စီတပ်များသည် နောင်ချိုမှ မှ ဒရုန်းများနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက် | | | | | နေအိမ် ၁၀ လုံး ပျက်စီး |
| ၉ | ၁၉/၀၈/၂၅ | ကျောက်မဲမြို့ထန်းတစ်ပင်ကျေးရွာ | နေ့လည် ၁ နာရီတွင် စစ်ကောင်စီတပ်များသည် လက်နက်ကြီးဖြင့် ပစ်ခတ် | ကျား ၁ | ၁ | ကိုရင် ၁ ပါး | ၁ | နေအိမ်အချို့ပျက်စီး |
| 10 | ၂၀/၀၈/၂၅ | ကျောက်မဲမြို့ပင်တီးကျေးရွာ | နံနက် ၁၀:၃၀ တွင် စစ်ကောင်စီတပ်များသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ၅၀၀ ပေါင် ဗုံး ၁ လုံးကြဲ | ယောက်ျားလေး ၁၊ မိန်းကလေး ၂၊ ကျား ၁၊ မ ၆ | ၁၁ | ကျား ၁၅ မ ၁၆ | ၃၂ | နေအိမ် ၁၀ လုံး ပျက်စီး |
| ၁၁ | ၂၀/၀၈/၂၅ | လုပ်ပါရွာကျောက်မဲမြို့ | စစ်ကောင်စီတပ်သည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၁ လုံးကြဲ | ကျား ၁၊ မ ၁ | ၂ | | ၂ | နေအိမ်အချို့ ပျက်စီး |
| ၁၂ | ၂၀/၀၈/၂၅ | ပန်မခေါ်ကျေးရွာ၊ပန်ပေါင်းကျေးရွာ၊ပင်တိန်ကျေးရွာ၊ | စစ်ကောင်စီတပ်များသည် | | | | | နေအိမ်အချို့ ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ကျောင်းကုန်း၊ခေးနင်း၊လွယ်ကုန်း , ကျောက်မဲမြို့ | ဂုတ်ထိပ်တံတားတွင် လက်နက်ကြီးနှင့် ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက် | | | | | |
| ၁၃ | ၂၁/၀၈/၂၅ | နောင်ပိန်ကျေးရွာ နာမ်မိန်းဘုန်းကြီးကျောင်း၊ ကျောက်မဲမြို့ | ည ၇ နာရီတွင် စစ်ကောင်စီသည် Y-12 ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံးအလုံး ၄၀ ကျော်ကို နောင်ပိန်ရွာ နာမ်မိန်းကျောင်းတွင် ကြဲချ | | | | | နေအိမ် ၁၀ လုံးနှင့် ဘုန်းကြီးကျောင်း ၁ ကျောင်း ပျက်စီး |
| ၁၄ | ၂၂/၀၈/၂၅ | နောင်ပိန်ကျေးရွာ၊ ရပ်ကွက် ၁၊၂၊၄ ကျောက်မဲမြို့ | စစ်ကောင်စီတပ်များသည် နောင်ပိန်ရွာတွင် ဒရုန်းနှင့် လက်နက်ကြီးများဖြင့် တိုက်ခိုက်ပြီးနောက် ဂျက်လေယာဉ်ဖြင့် ညနေ ၅:၀၀ တွင် ဗုံးအလုံး ၃၀ ကျော်ကြဲခဲ့ | | | | | နေအိမ် ၅ လုံး မီးလောင်ပြီး နေအိမ်အချို့ ပျက်စီး |
| ၁၅ | ၂၃/၀၈/၂၅ | ရပ်ကွက်၄နောင်ပိန်ကျေးရွာ ကျောက်မဲမြို့ | စစ်ကောင်စီတပ်များသည် ပြည်သူများကို သူတို့နေအိမ်တွင် ပစ်သတ်ခဲ့ | အသက် ၄၅ နှစ်အရွယ် ကျား ၁ | ၁ | မိခင် ၁ ဦးနှင့်၊ သမီး ၁ ဦး | ၂ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၆ | ၂၃/၀၈/၂၅ | ကွန်းစလမ်းရွာ မိုင်းငေါ့ ကျောက်မဲမြို့နယ် | ညနေ ၃:၃၀ တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ၅၀၀ ပေါင်ဗုံး ၂ လုံး ကြဲ | အသက် ၁၀ နှစ်အရွယ် ကျား ၁ | 1 | ဘုန်းကြီး ၂ ပါး၊ ကိုရင် ၁ ပါး၊ ကျား ၂၊ မ၂ | 7 | နေအိမ် ၁၂ လုံး၊ စာကြည့်တိုက် ၁ လုံး၊ ဆေးခန်း ၁ ခု၊ ဘုန်းကြီးကျောင်း ၁ ကျောင်း၊ ထမင်းစားခန်းမ ၁ လုံးနှင့်၊ သိမ်ကျောင်း ၁ လုံး ပျက်စီး |
| ၁၇ | ၂၄/၀၈/၂၅ | နောင်ပိန်ကျေးရွာကျောက်မဲမြို့ | နံနက်ခင်းတွင် စစ်ကောင်စီတပ်များသည် လက်နက်ကြီးနှင့် ဒရုန်းဗုံးများဖြင့် ပစ်ခတ် | | | | | နေအိမ် ၇ လုံးနှင့်၊ ဈေးဆိုင် ၈ ဆိုင် မီးလောင် |
| ၁၈ | ၂၄/၀၈/၂၅ | လုံကျိန်ရွာ ကျောက်မဲ | စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံး ၁ လုံးကြဲ | ကျား ၂ | ၂ | | ၈ | နေအိမ် ၁၀ လုံး ပျက်စီး |
| ၁၉ | ၂၅/၀၈/၂၅ | ကျောက်မဲမြို့နယ်ထန်းတစ်ပင်ကျေးရွာ | စစ်ကောင်စီတပ်သားများသည် စစ်ရှောင်လင်မယား ၂ ဦးကို နေအိမ်တွင် ပစ်သတ် | အသက် ၄၀ အရွယ် ကျား ၁၊ အသက် ၃၇ အရွယ် မ ၁ | | | | |
| ၂၀ | ၂၅/၀၈/၂၅ | ရပ်ကွက် ၇ ကျောက်မဲမြို့ | ည ၁၁:၃၀ တွင် စစ်ကောင်စီသည် | | | ကိုရင် ၃ ပါး၊ ကျား ၁ | ၄ | နေအိမ် ၂၂ လုံး၊ ဘုန်းကြီးကျောင်း အဆောက်အအုံ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ဂျက်နေယာဉ်ဖြင့်၂၅ ၀ ပေါင် ဗုံး ၂ လုံးကြဲ | | | | | ၄ လုံး၊ ကား ၂ စီးပျက်စီး |
| ၂ ၁ | ၂၅/၀ ၈/၂၅ | စည်ပင်သာယာရပ်ကွက်၊မိုးကုတ်မြို့ | ည ၁၁:၀၀ တွင် စစ်ကောင်စီသည် လေတပ်ဖြင့် ဗုံး ၁ လုံးကြဲ | | | | ၁ | နေအိမ်အချို့နှင့် ဘုန်းကြီးကျောင်း ၁ ကျောင်း ပျက်စီး |
| ၂ ၂ | ၂၉၊၈ ၊၂၅ | ခိုက်တုန်ဟုန်းရွာ၊ကျောက်မဲ | နေ့လည် ၂ နာရီခန့်တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့်ပစ်ခတ် | ကျား ၁ | ၁ | | | နေအိမ်အချို့ပျက်စီး |
| ၂ ၃ | ၂၉/၀ ၈/၂၅ | ပန်သပြေကျေးရွာ၊ ကျောက်မဲမြို့နယ် | ည ၁၁:၃၀ တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ၂၅၀ ပေါင် ဗုံး ၄ လုံးကြဲ | ဘုန်းကြီး ၂ ပါး၊ မိန်းကလေး ၁ | 3 | ဘုန်းကြီး ၂ ပါး၊ ကိုရင် ၃ ပါး၊ ကျား ၁ | 6 | နေအိမ် ၄ လုံးနှင့် ဘုန်းကြီးကျောင်း အချို့ ပျက်စီး |
| ၂ ၄ | ၃၀/၀ ၈/၂၅ | လွိုင်ခေါ်ကျေးရွာ၊ကျောက်မဲမြို့နယ် | ည ၁၀:၀၀ တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာဖြင့် ပေါင် ၂၅၀ ဗုံး ၂ လုံးကြဲ | | | | | နေအိမ် ၅ လုံး ပျက်စီး |
| ၂ ၅ | ၃.၈. ၂၅ | ဘော်ကြိုကျေးရွာ သီပေါမြို့ | နေ့ခင်း ၁၁း၄၀တွင် စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ပေါင် ၅၀၀ဗုံး ၂ လုံးကြဲ | | | ကျား ၁ | ၁ | နေအိမ် ၃ လုံး ဘော်ကြိုဘုရားပျက်စီ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၆ | ၄.၉.၂၅ | ပန်ကွမ်ရွာ ၊ကျောက်မဲ | မနက် ၁၀နာရီ၀န်းကျင်တွင် စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာဖြင့် ပေါင် ၂၅၀ ဗုံးနှစ်လုံးချ | | | ကိုရင် ၁ | ၁ | ဘုရားအချို့ပျက်စီး |
| ၂၇ | ၄.၉.၂၅ | ပန်သပြေရွာ ကျောက်မဲ | နေ့ခင်း ၁၂ နာရီခန့်တွင် စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာဖြင့်ဗုံးကြဲ | | | မ ၁ | ၁ | အိမ် ၃ လုံး စာသင်ကျောင်း ၁ |
| ၂၈ | ၄.၉.၂၅ | မက်မန်းကုန်းကော်ရွာ ကျောက်မဲ | ည ၉နာရီခန့်တွင် စကစမှ လက်နက်ကြီးဖြင့်ရွာ ထဲပစ်ခတ် | ကျား ၁ မ ၁ | ၂ | | | နေအိမ်အများစု ထိခိုက် |
| ၂၉ | ၅.၉.၂၀၂၅ | ကောင်းမှုုးလျှံရွာ ကျောက်မဲ | မနက်အစောပိုင်းတွင် စစ်ကောင်စီတိုက် လေယာဥ်မှဗုံးကြဲ | | | | | နေအိမ် ၅လုံးပျက်စီး |
| ၃၀ | ၅.၉.၂၀၂၅ | ဖီတစ်ရွာ ကျောက်မဲ | ညနေ ၃နာရီခန့်တွင် စစ်ကောင်စီတိုက် လေယာဥ်မှဗုံးကြဲ | ကျား ၁ မ၁ | ၂ | ကိုရင် ၁ ကျား၁ | ၂ | နေအိမ် ၂လုံးပျက်စီး |
| ၃၁ | ၆.၉.၂၀၂၅ | ရပ်ကွက် ၇ ကျောက်မဲ | စကစတိုက်လေယာဥ်မှ ဗုံး၂ လုံးကြဲ | | | | | နေအိမ် ၈လုံး |
| | | | | | ၅၈ | | ၈၄ ဦး | နေအိမ် ၁၄၅ လုံးအထက်၊ ဘုန်းကြီးကျောင်း ၉ ကျောင်း၊ စေတီ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | ဦး သေ ဆုံး | | ဒဏ် ရာရ | ၃ဆူ၊ကား ၂ စီး၊ ဟိုတယ် ၁ လုံးနှင့်၊ ဘဏ် ၁ ခု ပျက်စီး |

**ဩဂုတ်လ ၂၀ ရက်၊ ၂၀၂၅ တွင် ကျောက်မဲမြို့နယ် ပင်တီးကျေးရွာ၌ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သော ပြည်သူ ၁၁ ဦး စာရင်း**

| စဉ် | သေဆုံးခဲ့သော ပြည်သူ၏အမည် | ကျား/မ | အသက် |
|---|---|---|---|
| ၁ | ပါအိန် | မ | ၆၄ |
| ၂ | ပါ့လှ | မ | ၇၀ |
| ၃ | နန်းရွှေကြာ | မ | ၅၀ |
| ၄ | ပါပု | မ | ၆၀ |
| ၅ | ပါ့ငင်းစိန် | မ | ၆၂ |
| ၆ | ပါ့ထွန်း | မ | ၅၅ |
| ၇ | နန်းလွမ့်ဦး | မ | ၁၄ |
| ၈ | အမည်မသိ(မိန်းကလေး) | မ | ၂ |

| | | | |
|---|---|---|---|
| ၉ | စိုင်းလျှန်း | ကျား | ၄ |
| ၁၀ | လုံးအောင်မြင့် | ကျား | ၆၀ |
| ၁၁ | လုံးမာလာ | ကျား | ၈၆ |

**ဩဂုတ်လ ၂၀ ရက်၊ ၂၀၂၅ တွင် ကျောက်မဲမြို့နယ် ပင်တီးကျေးရွာ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့သော ပြည်သူ ၁၃ ဦး စာရင်း**

| စဥ် | ဒဏ်ရာရခဲ့သော ပြည်သူများ၏အမည် | ကျား/မ | အသက် |
|---|---|---|---|
| ၁ | စိုင်းကျော်လင်း | ကျား | ၃၇ |
| ၂ | စိုင်းလောဝ်ခမ်း | ကျား | ၂ |
| ၃ | စိုင်းနွန်ခွမ်း | ကျား | ၅ |
| ၄ | နန်းလောဝ်ခမ်း | မ | ၅ |
| ၅ | နန်းစွဲ့ဟွမ် | မ | ၁၁ |
| ၆ | နန်းဟွမ်လိန် | မ | ၁၇ |
| ၇ | နန်းကြိမ်ငင်း | မ | ၂၄ |
| ၈ | ပေါ့ထွေး | မ | ၃၀ |
| ၉ | နန်းစိုးကျော် | မ | ၃၃ |
| ၁၀ | ပေါ့ခင်တောင်း | မ | ၄၀ |
| ၁၁ | ပေါ့အွမ် | မ | ၅၇ |
| ၁၂ | ဖူးသဇင်ဦး | မ | n.a |
| ၁၃ | ဆိုင်ဝမ်း | ကျား | n.a |

| | | | |
|---|---|---|---|
| ၁၄ | ဒေါ်အေးခမ်း | မ | n.a |
| ၁၅ | အောင်ချစ်ခန့် | ကျား | n.a |
| ၁၆ | အောင်ယုံ | ကျား | n.a |
| ၁၇ | ဒေါ်ညို | မ | n.a |
| ၁၈ | အိုက်လေး | ကျား | n.a |
| ၁၉ | ဦးကျော်စိန် | ကျား | n.a |
| ၂၀ | အိုက်မြင့် | ကျား | n.a |
| ၂၁ | မွေလျှန်း | မ | n.a |
| ၂၂ | ဟေမာကျော်လင်း | မ | n.a |
| ၂၃ | ကိုယဉ် | ကျား | n.a |
| ၂၄ | မင်းထွန်း | ကျား | n.a |
| ၂၅ | ဦးအိုက်လျှန်း | ကျား | n.a |
| ၂၆ | ဦးကျော်သန့် | ကျား | n.a |
| ၂၇ | ဒေါ်ခင်မာအေး | မ | n.a |
| ၂၈ | ခင်ဦး | မ | n.a |
| ၂၉ | စံဟိန်း | ကျား | n.a |
| ၃၀ | ခင်ထုံ | ကျား | n.a |
| ၃၁ | အေးခမ်း | မ | n.a |

**ကျောက်မဲတွင် စစ်ဘေးရှောင်ပြည်သူများ ခိုလှုံရာနေရာနှင့် လူဦးရေ**

| စဉ် | စစ်ဘေးရှောင်ပြည်သူများခိုလှုံရာတည်နေရာ | စစ်ရှောင်ဦးရေ |
|---|---|---|
| ၁ | ခိုင်းလုံဘုန်းကြီးကျောင်း၊ ပန်းပေါင်းရွာ | ၈၃ |
| ၂ | ထန်းတစ်ပင်ဘုန်းကြီးကျောင်း | ၉၅ |
| ၃ | ခေးနင်း | ၅၀ |
| ၄ | ကုန်းညောင် | ၈၃ |
| ၅ | နမ့်မော်ဘီလူး | ၂၈၉ |
| ၆ | နမ့်ဟန်ခိန် | ၂၁၆၂ |
| ၇ | ဟိုပိုင်း | ၁၆၅ |
| ၈ | နမ့်ဝါ | ၂၃၇ |
| ၉ | ရေဆန် | ၂၁ |
| ၁၀ | ပန်ကျိန် | ၂၀ |
| ၁၁ | လွယ်ပေါ်ရွာ | ၁၂ |
| ၁၂ | ဟိုင်းကွီရွာ | ၁၀၄၇ |
| ၁၃ | နားဆောင်း | ၃၀၇ |
| ၁၄ | နားခေါ် | ၄၂ |
| ၁၅ | လေလွယ် | ၄၇ |
| ၁၆ | နားဖွန် | ၂၉ |
| ၁၇ | ဝမ်ခိုက်ရွာ | ၂၇ |
| ၁၈ | ပုံပိုး | ၇၁၃ |

| | | |
|---|---|---|
| ၁၉ | တော်လေ | ၁၇ |
| ၂၀ | နမ့်ကျင်လီ | ၅၁ |
| ၂၁ | ကွမ်ဟင် | ၄၇ |
| ၂၂ | ကုန်းညောင် | ၂၁ |
| ၂၃ | မန်ထမ် | ၁၈ |
| ၂၄ | ပိန်းထွန် | ၁၁ |
| ၂၅ | တောင်ခြေ | ၄၀ |
| ၂၆ | လွိုင်ကုန် | ၄၁၅ |
| ၂၇ | နောင်မိန်း | ၃၀၆ |
| ၂၈ | ခွန်ညု | ၉၈ |
| ၂၉ | နမ့်ဟူး | ၈၈ |
| ၃၀ | လွိုင်စောင့် | ၆၉ |
| ၃၁ | ပန်းစုံ | ၁၂၁ |
| ၃၂ | နောင်ကွမ် | ၁၉၂ |
| ၃၃ | ခေါက်ပိုးလုံ | ၁၈ |
| ၃၄ | အက်ကီးရွာ | ၂၅ |
| ၃၅ | ပန်လော့ | ၆၅ |
| ၃၆ | နမ့်ပြင်ရွာ | ၆၀ |
| ၃၇ | ရွှေကျောင်းရွာ | ၁၅၄ |
| ၃၈ | ဖီတစ် | ၉၂ |

| | | |
|---|---|---|
| ၃၉ | ပြိန်းဆော့ | ၆၇ |
| ၄၀ | ကောင်းလင်းရွာ | ၂၅ |
| ၄၁ | ဖူးခါးရွာ | ၁၄ |
| ၄၂ | ခိုတင့်ရွာ | ၁၁၀ |
| ၄၃ | ဟုန်းလိုင်းရွာ | ၉ |
| ၄၄ | တောထဲနှင် လယ်ထဲရှိတဲများ | ၇၀၀ |
| | **စုစုပေါင်း** | **၈၆၆၃** |

**ဆက်သွယ်ရန်**


| | | |
|---|---|---|
| စိုင်းဟော်ရုံန် | +66 94 728 6696 | Signal (ရှမ်း, အင်္ဂလိပ်) |
| ယိင်းလျှန်းဟာန် | +1 825 425 4099 | Signal (မြန်မာ) |
| စိုင်ဟာတ်စစ် | +1 343 304 5332 | Signal (အင်္ဂလိပ်၊ ရှမ်း) |